
စိတ်ကူးချိုချိုစာပေ
mgyoe.com

# လူထုအောင်သံ

ဝန်ကြီးချုပ် ဦးနု ရေးသည်

ရုပ်ပုံများကို ဦးဘဂျမ်း ရေးဆွဲသည်



mgyoe.com

ဒုတိယအကြိမ်




UNU0018
1,800.00 KS

mgyoe.com

လူထုအောင်သံ၊ ဝန်ကြီးချုပ် ဦးနု
သရုပ်ဖော်ပန်းချီ - ဦးဝကလေး
စာမျက်နှာ ၆၇ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ -- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မရိုးရှိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူထုအောင်သံ

ဝန်ကြီးချုပ် ဦးနု

ရုပ်ပုံများကို

ဦးဗကလေး ရေးဆွဲသည်

ဒုတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လူထုအောင်သံ

ဝန်ကြီးချုပ် ဦးနု ရေးသည်

ရုပ်ပုံများကို
ဦးဘကလေး
ရေးဆွဲသည်



ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com






၁။ ၁၉၇၈ ခုနှစ်၊ မတ်လလောက်က ရန်ကုန်မြို့မှာ အငြိမ်းစားဦးဘသိန်းလို့ ဂုဏ်သရေရှိ လူကြီးတစ်ယောက်ရှိသတဲ့။

၂။ ဦးဘသိန်းမှာ ဘီအက်(စ်)စီ အောင်ပြီးတဲ့ သားမောင်အောင်ဝင်းနှင့် သမီးမလှမြင့်တို့ မောင်နှမနှစ်ယောက် ရှိလေသတဲ့။





၃။ အဲဒီမောင်အောင်ဝင်းမှာလည်း ချစ်ဇနီး ခင်နွဲ့၊ လူမမယ်သားကလေး 'တက်တိုး'၊ သမီးလေး 'လှလှ' တို့ရှိကြပြန်သတဲ့။

၄။ မောင်အောင်ဝင်းဟာ ဂျပန်ခေတ်ကစပြီး ဗမာ့တပ်မတော်ထဲကိုဝင်ခဲ့ပြီးတဲ့နောက် တော်လှန်ရေးထဲ ပါသွားလေသတဲ့။

mgyoe.com

mgyoe.com



၅။ မကြာခင်ပဲ တကယ့်နိုင်ငံရေးသမားကြီး ဘဝနဲ့ ကွန်မြူနစ်ပါတီထဲ ရောက်သွားပါရောကွဲ့။



၆။ သူ့နှမကိုလည်း သူငယ်ချင်း ဘီ–အေ–ဘီ–အယ်လ် အေးမောင်နဲ့ စေ့စပ်ထားတော့ အေးမောင်ဟာ အောင်ဝင်းတို့အိမ်ကို အမြဲဝင်ထွက် သွားလာနေသတဲ့ကွဲ့။



၇။ တစ်နေ့တော့ အေးမောင်ဟာ ဦးဘသိန်းတို့ အိမ်လာပြီး အောင်ဝင်းကွန်မြူနစ်တွေနဲ့ တောခိုပြီး သူပုန်ထတော့မယ့်အကြောင်း ပြောတယ်။



၈။ ဒီမကောင်းသတင်းကြောင့် ဦးဘသိန်းဟာ အားကြီးစိတ်ညစ်ပြီး ပညာတတ်ပေမဲ့ လူပေါင်းမှားတဲ့ သားအတွက် ယူကျုံးမရရှိနေရှာတယ်။

mgyoe.com


mgyoe.com





၉။ အောင်ဝင်းဟာ ကွန်မြူနစ်တွေနဲ့ပေါင်းပြီး သူပုန်ထမယ့်ကိစ္စတွေကို စီစဉ်နေရလို့ အိမ်ကို ညတိုင်း အချိန်မှန်မှန်မပြန်နိုင်တော့ဘူး။

၁၀။ အောင်ဝင်းရဲ့သားကလေး တက်တိုးနဲ့ သမီးကလေး လှလှတို့ဟာ အရိပ်ပြလိုက်ပို့မယ်ဆိုလို့ သူတို့ဖေဖေကို ညတိုင်းမျှော်နေကြတယ်။





၁၁။ ချစ်စရာကောင်းတဲ့ဇနီး ခင်နွဲ့ဟာ လင်သယ်မောင်ကို တွေ့ချင်ရှာပေမဲ့ လင်သယ်မောင်ကတော့ဖြင့် ဂရုမစိုက်နိုင်ရှာတော့ဘူး။

၁၂။ လူကလေးရယ် မင်းတို့သူပုန်ထကြရင်တော့ဖြင့် အကြီးအကျယ်မှားကုန်ကြတော့မှာပဲကွဲ့ လို့ ဖခင်ကြီးက သတိပေးရှာသတဲ့။

mgyoe.com

mgyoe.com



၁၃။ မင်းတို့ သူပုန်ထရင်မှားမယ်လို့ဆိုတဲ့အခါ မှာ ကွန်မြူနစ်စိတ်ဓာတ်တွေ ရင့်သန်နေတဲ့ အောင်ဝင်းက မျက်မှောင်ကုတ်ပြီး တွေတွေ ကြီး လုပ်နေလေ့ရှိတယ်။



၁၄။ အေးမောင်ကလည်း "သူငယ်ချင်းရယ် မင်းနဲ့ ငါညီအစ်ကို အရင်းလိုချစ်လာခဲ့ကြတယ် မဟုတ်လား။ ငါ့စကားနားထောင်ပါကွာ၊ မင်းတို့သူပုန်ထရင် မှားမယ်လို့တားတော့။



၁၅။ အောင်ဝင်းက ဒီ ဖ-ဆ-ပ-လ ကောင်တွေ သိပ်ညစ်ပတ်ကြတယ်ကွ၊ မင်းကိုငါရှင်းပြမယ် သူတို့ဘယ်လောက်ညစ်သလဲဆိုရင်။



၁၆။ လွတ်လပ်ရေးရပြီဆိုတဲ့ အလုံးမျိုးနဲ့ လူထုမျက်စိထဲ သဲနဲ့ပက်ပြီး တစ်နိုင်ငံလုံးကို အင်္ဂလိပ်နယ်ချဲ့ရဲ့လက်ထဲကို ထိုးရောင်းလိုက်တာ မင်းအသိမဟုတ်လား၊ ရောင်းစားတာလေ။

mgyoe.com



၁၇။ ဒီကောင်တွေထင်ရာလုပ်ပြီးတိုင်းပြည်ကို ရောင်းစားတာတော့မခံနိုင်ဘူး။ အင်္ဂလိပ်နယ်ချဲ့ရဲ့ နုအက်တလီစာချုပ်ကဖြစ်လာတဲ့ လွတ်လပ်ရေးကို ငါတို့လက်မခံနိုင်ဘူးကွ။



၁၈။ တော်လှန်ရေးသမားတွေ သွေးမြေကျခဲ့ပြီး တည်ဆောက်ရတဲ့ တော်လှန်ရေးလုပ်ငန်းကြီးကို ဒီဖဆပလ သစ္စာဖောက်တွေဆွဲဖျက်တာ ကြည့်နေရမှာလားလို့ ဒေါသနဲ့ပြောသတဲ့။



၁၉။ အေးမောင်က မင်းပြောတဲ့ရွှေရည်စိမ်လွတ်လပ်ရေးဆိုတာ ဘာလဲကွ၊ ငါနားမလည်လို့ ရှင်းပြစမ်းပါဦးလို့ ပြောတဲ့အခါ။




၂၀။ ဗြိတိသျှပိုင်ပစ္စည်းတွေကို အမျိုးသားပိုင်လုပ်ရင် လျော်ကြေးပေးမယ်ဆိုတဲ့စာချုပ်က ဖြစ်လာတဲ့ လွတ်လပ်ရေးဟာ တကယ်လွတ်လပ်ရေးအစစ်ဖြစ်ပါ့မလား။
mgyoe.com

mgyoe.com




၂၁။ ပြီးတော့ ကာကွယ်ရေးစာချုပ်ကိုကြည့်လိုက်ပါဦး၊ ထရန်(စ်)ဂျော်ဒန်နိုင်ငံကို ဗြိတိသျှစစ်စခန်းလုပ်ထားတဲ့ အင်္ဂလိုဂျော်ဒင် စာချုပ်နဲ့ အတူတူပဲ။



၂၂။ စာချုပ်ထဲမှာပါတဲ့ အဲဒီအချက် ၂ ချက်ကြောင့် ဗမာနိုင်ငံကို ဗြိတိသျှက လွတ်လပ်ရေးပေးပါတယ်လို့ သံကုန်ဟစ်ဟစ် အဲဒီလွတ်လပ်ရေးဟာ ရွှေရည်စိမ် ကြေးပဲကွ။




၂၃။ အေးမောင်က ဖင်လန်နိုင်ငံမှာ ကင်နေဒီယန်အမျိုးသားပိုင်တဲ့ ဒန်သတ္တုတွင်းတွေကို မင်းတို့ရုရှားက သိမ်းတဲ့အခါ ဒေါ်လာသန်းပေါင်း ၁၂၀ တောင် လျော်ကြေးပေးရသေးတယ် မဟုတ်လား။



၂၄။ သခင်သန်းထွန်းတို့၊ ဂိုရှယ်တို့တောင် အဲဒီထရန်(စ်)ဂျော်ဒန်စာချုပ်ကို မဖတ်ဖူးဘဲ အရမ်းကုန်စွပ်စွဲနေကြလို့ သခင်နုက တစ်စောင်စီပေးလိုက်မှ နားလည်သွားကြတာ မင်းမသိလိုက်ဘူးလား။

mgyoe.com

mgyoe.com



၂၅။ သားရယ် မင်းတို့ကွန်မြူနစ်ခေါင်းဆောင်တွေ ဟာ လုံ့လောက်တဲ့အကြောင်းမရှိဘဲနဲ့ အရမ်း ထင်ရာလုပ်နေကြမယ်ဆိုရင် နောက်လိုက် တွေ အဖတ်ဆယ်လို့ ရပါဦးမလားကွယ်။



၂၆။ အောင်ဝင်းမင်းဟာ ခေတ်ပညာတတ်ယောက်ျား တစ်ယောက်ပဲ သေသေချာချာစဉ်းစားလုပ်ပါ။ သူပုန်ထတယ်ဆိုတာ ကလေးကစားစရာ မဟုတ်ပါဘူး။



၂၇။ တခြားနည်းမရှိဘူးဆိုရင် သူပုန်ထရမယ်။ အခုတော့ လာမယ့်ရွေးကောက်ပွဲမှာ ဖဆပလ ကို မကြိုက်ရင် မဲမပေးဘဲဖြုတ်ချနိုင်တယ်။ အကြောင်းမရှိဘဲ သူပုန်ထရင် ဖဆပလနဲ့ မပြိုင်ဝံ့လို့ပဲ။




၂၈။ အရွေးခံလို့အနိုင်ရတဲ့အဖွဲ့ကို မင်းတို့ဖဆပလ က အာဏာမအပ်ဘဲနေရင် ဘယ်နဲ့လုပ်မလဲ။ သူတို့ညစ်ပတ်နေဦးမှာပေါ့ကွာလို့ အောင်ဝင်း က ပြောတော့။

mgyoe.com

mgyoe.com



၂၉။ ဒီလို ဘယ်လုပ်လို့ရမလဲကွ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မအပိုဒ် ၃ မှာ ဗမာနိုင်ငံ၏ အချုပ်အခြာအာဏာဟာ နိုင်ငံသားတို့မှာ တည်ရမယ်လို့ ဆိုထားပြီကောကွဲ့။



၃၀။ မင်းသူပုန်ထတဲ့အထဲကို မပါရဘူး။ မင်းတို့ကို ဖေဖေ ဘယ်လောက်ချစ်သလဲ၊ ဖေဖေစိတ်အေးအေးနဲ့ မျက်စိမှိတ်သွားပါရစေလို့ ဖခင်ကြီးက ပြောရှာသတဲ့။



၃၁။ အဲဒီအချိန်မှာပဲ အောင်ဝင်းဆီကို အိမ်ကအစေခံကလေးပြေးလာတယ်၊ သူကအရေးကြီးတဲ့ကိစ္စနှင့် လူတစ်ယောက်ပေးသွားတဲ့စာကို အောင်ဝင်းကို ပေးလိုက်တယ်။



၃၂။ စာကိုဖောက်ဖတ်ပြီးတာနဲ့တစ်ပြိုင်နက် အောင်ဝင်းဟာ ဗိုလ်စံရှားနဲ့ တီးတိုးတိုင်ပင်ရင်း အရေးတကြီး အိမ်ပေါ်က ဆင်းသွားကြတယ်။

mgyoe.com

mgyoe.com



၃၃။ သားကလေး တက်တိုးမှာလည်း ဖခင်ရဲ့အသံကြားလို့ အိပ်ရာက ကမန်းကတန်းထပြီး သူ့ဖေဖေဆီကို ပြေးလိုက်လာတဲ့အချိန်မှာ။



၃၄။ မှောင်ကြီးထဲက တလှုပ်လှုပ်သွားနေတဲ့ သူ့ဖေဖေကို အဝေးကသာမြင်လိုက်ရတော့ တက်တိုးမှာ ငိုပြီးကျန်ရစ်ရှာတာပေါ့။



၃၅။ ဇနီးသည် မခင်ခွဲ့နှင့် ဖခင်ဦးဘသိန်းတို့မှာလည်း တားမရတဲ့ အောင်ဝင်းရဲ့ သွားရာလမ်းကို ငေးမောကြည့်ရှုရင်း ကျန်ရစ်ကြတယ်။



၃၆။ အဲဒီလိုခေတ်ပညာတတ်တက္ကသိုလ်ကျောင်းထွက် အောင်ဝင်းဟာ ကွန်မြူနစ်များနဲ့အတူ နိုင်ငံတော်အစိုးရကို ပုန်ကန်ထကြွဖို့ တောခိုတယ်။

mgyoe.com

mgyoe.com



၃၇။ အောင်ဝင်းတောခိုသွားပြီးတဲ့နောက် ၁၉၄၈၊ မတ်လကုန်ခါနီးမှာ ပဲခူးခရိုင်ရွာတစ်ရွာကို ကွန်မြူနစ်များ သိမ်းပိုက်လိုက်ကြပြီး စာကြည့်ခန်းကို သူတို့ရဲ့ အုပ်ချုပ်ရေးရုံးလုပ်လိုက်တယ်။



၃၈။ တစ်နေ့မှာ ရွာသူရွာသားတွေ၊ ရွာကိုယ်စားလှယ်လူကြီးတွေကို ဖိတ်ခေါ်ပြီး ယာယီရုံးခန်းမှာပဲ အောင်ဝင်းခေါင်းဆောင်တဲ့ ကွန်မြူနစ်ရှင်းလင်းပွဲတစ်ခု ပြုလုပ်တယ်။



၃၉။ သူတို့ရည်ရွယ်ချက်ကတော့ ဖဆပလ အစိုးရကို ဖြုတ်ချပြီး ပြည်သူ့အစိုးရတင်မြှောက်ဖို့ ကိစ္စနဲ့ ဖဆပလရဲ့ ညစ်ပတ်ပုံတွေကို အောင်ဝင်းက ရှင်းပြတယ်။



၄၀။ ရှင်းပြတဲ့အထဲမှာ ဖဆပလဟာ ဗြိတိသျှနယ်ချဲ့ဆီကို လွတ်လပ်ရေးယူပေးတယ်လို့ ခင်ဗျားတို့ အထင်ကြီးနေတယ်။ အမှန်စင်စစ်ကတော့ ဖဆပလဟာ မင်းသားခေါင်းဆောင်းသွားတဲ့ ဘီလူးကြီးပဲ။

mgyoe.com

mgyoe.com



၄၁။ လွတ်လပ်ရေးဆိုတာ လက်နက်နဲ့တိုက်မယူဘဲ ဘယ်တော့မှအလကားမရဘူး။ အဖိုးတန်တိုင်းပြည်ကြီးတစ်ပြည်ကို မပြောနဲ့ သူတို့ခွေးကိုကျွေးတဲ့ အမဲသားတုံးတောင် အလကားတောင်းရင် ပေးမှာ မဟုတ်ဘူး။




၄၂။ လူထုတော်လှန်ရေးကို ကြောက်ဒူးတုန်တဲ့အင်္ဂလိပ်ဟာ အယောင်ဆောင်လွတ်လပ်ရေးကို သူတို့ရဲ့ လက်ကိုင်တုတ်ဖြစ်တဲ့ ဖဆပလလက်ထဲ အတင်းထိုးအပ်ခဲ့တာဗျလို့ အောင်ဝင်းက ရှင်းပြသတဲ့။



၄၃။ သူတို့ရဲ့နအက်တလီစာချုပ်က စီးပွားရေးနဲ့ကာကွယ်ရေးကို နယ်ချဲ့လက်ဝကွက်အပ်တဲ့ အဆန်မပါ အခွံလွတ်လပ်ရေးကြီးဖြစ်တယ်။



၄၄။ လွတ်လပ်ရေးအစစ်ကို ရနိုင်ပါရက်နဲ့ ဖဆပလက အခွံလွတ်လပ်ရေးကို လက်ခံလိုက်တော့ တော်လှန်ရေးစိတ်ဓာတ်တွေကျကုန်ပြီး တကယ့်လွတ်လပ်ရေးနဲ့ ဝေးသွားတယ်။

mgyoe.com

mgyoe.com



၄၅။ အဲဒီတော့ လွတ်လပ်ရေးရဲ့ရန်သူဖဆပလကို ပထမတိုက်ထုတ်ရမယ်၊ လွတ်လပ်ရေးဆိုတာ လက်နက်နဲ့တိုက်ယူမှသာ ရတယ်လို့ အောင်ဝင်း က ပြောပြတယ်။



၄၆။ ကျုပ်တို့ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်တော်လှန်ရေးကြီးစပြီ ဖဆပလကို လူထုကြီးက မထောက်ခံကြတော့ဘူး။ ဒါကြောင့် ကျုပ်တို့ တော်လှန်ရေးကြီး မုချအောင်ရမယ်။




၄၇။ ကျောင်းဆရာမောင်ဘိုးဆိတ်က လာမယ့်ရွေးကောက်ပွဲမှာ ဖဆပလဟာ ဘယ်သူ့ဆီကမှမဲမရလို့ ပြုတ်ကျသွားမှာပဲ တော်လှန်နေဖို့လိုဦးမလားလို့ မေးတော့။




၄၈။ ဒီအခါမှာ ဗိုလ်တောက်ထွန်းကထပြီး မောင်ဘိုးဆိတ်ကို ခင်ဗျား ဖဆပလရဲ့အသံထွက်နေတယ်။ ဖဆပလလူလား။ မှန်မှန်ပြော အခုပစ်သတ်လိုက်ရမလား။

mgyoe.com

mgyoe.com





၄၉။ မဟုတ်ပါဘူး ဗိုလ်ကြီးရယ် လွယ်လွယ်နဲ့ဖြုတ်ချနိုင်တဲ့ ဖဆပလကို လက်နက်နဲ့တော်လှန်နေရင် လူထုတွေဒုက္ခရောက်ကုန်မှာစိုးလို့ပါလို့ ဘိုးဆိတ်က ပြောတဲ့အခါ။

၅၀။ အောင်ဝင်းက ဗိုလ်တောက်ထွန်းလက်ကိုဆွဲထားပြီး တော်လှန်ရေးလုပ်တယ်ဆိုတာ လူထုအကူအညီလိုတယ်။ လူထုအထင်မှားအောင် မလုပ်ပါနဲ့လို့ ပြောနေတုန်း...





၅၁။ ရွာ၏လေးဘက်လေးတန်မှ သေနတ်တွေပစ်ဖောက်ပြီး ရွာထဲကို အစိုးရတပ်တွေဝင်ရောက်လာကြတယ်။

၅၂။ ဟောပြောပွဲလာရောက်တဲ့ရွာသားတွေလည်း ကသောကမျောနဲ့ ထွက်ပြေးကြတဲ့အခါ ကွန်မြူနစ်ချစ်ထွန်းကို သေနတ်ထိမှန်သွားတယ်။

mgyoe.com

mgyoe.com





၅၃။ အဲဒီအချိန် ဗိုလ်တောက်ထွန်းက ခင်ဗျားတို့အဘတွေ နီးလာပြီ၊ ဘာအကြောင်ကြောင်လုပ်နေတာလဲ မြန်မြန်ထွက်ကြဆိုပြီး တစ်ယောက်တည်း ထွက်သွားတယ်။

၅၄။ အောင်ဝင်းက ဗိုလ်တောက်ထွန်းကို သဲသဲမဲမဲ ကြည့်ပြီး ဒဏ်ရာနဲ့လဲနေတဲ့ ချစ်ထွန်းကို ပွေ့ချီ ထုတ်ယူသွားပါရောတဲ့။






၅၅။ မကြာခင်အစိုးရတပ်မှ တပ်စိတ်မှူးဗိုလ်အေးနဲ့ တပ်သားများ စာကြည့်ခန်းကို ရောက်လာကြတယ်။ ကွန်မြူနစ်တွေရဲ့ပစ္စည်းတွေကို အနှံ့အပြား ရှာဖွေကြတဲ့အခါ။

၅၆။ ဝီစကီ၊ ဂိုးဖလိပ်၊ ထောပတ်၊ နို့ဆီ၊ ပေါင်ဒါနှင့် ကြက်ဥတွေ တွေ့ရတော့ ကွန်မြူနစ်တွေ လောကနိဗ္ဗာန်ထူထောင်နေပါပကောကွလို့ ရဲဘော်တစ်ယောက်က ပြောတယ်။

mgyoe.com

mgyoe.com




၅၇။ ရဲဘော်ဖေမြက ကွန်မြူနစ်တွေ ဘုရားတစ်ဆူ ဂူတစ်လုံးအဖြစ်နဲ့ တရိုတသေကိုးကွယ်ထားတဲ့ စတာလင်ရဲ့ ဓာတ်ပုံနဲ့တူတံဆိပ်အလံကို ဆွဲဖြုတ်ပစ်လိုက်တယ်။



၅၈။ ရဲဘော်စိမ်းမောင်က ကွန်မြူနစ်တွေအထဲမှာ ဘနီ ဆို တဲ့ သူ ငယ် ချင်း တစ် ယောက် ရှိ တဲ့ အကြောင်းနဲ့ ငနဲ အစိုးရကိုတိုက်ဖျက်ပစ်ဖို့ခေါ်နေတယ်လို့ ပြောတဲ့အခါ...



၅၉။ တပ်စိတ်မှူးဗိုလ်အေးက အဲဒီလိုသူတို့က သူပုန်ထဲကို ဝင်ဖို့ခေါ်တော့ မင်းစိတ်ထဲမှာ လိုက်သွားချင်တဲ့စိတ် မပေါ်ဘူးလား၊ မှန်မှန်ပြောစမ်း။




၆၀။ သူတို့နိုင်ငံရေးတွေ ကျွန်တော်နားမလည်ပါဘူး။ အစိုးရအဖွဲ့ကို ရွေးကောက်ပွဲနဲ့သာ ဖွဲ့နိုင်တဲ့အတွက် သူပုန်ထတာဟာ ချစ်တီးခေါင်း သန်းရှာတာမျိုးပဲလို့ ပြန်ပြောတယ်။

mgyoe.com

mgyoe.com




၆၁။ နိုင်ငံရေးသမားတွေဟာ စစ်တပ်ထဲဝင်ပြီး ခဏခဏ တော်လှန်ခိုင်းတယ်။ သူတို့ပြောသလိုလုပ်မိကြလို့၊ တပ်မတော်သားဘဝမှ ဝရမ်းပြေးတွေ ဖြစ်ကုန်ကြတယ်လို့ စိန်းမောင်က ပြောတယ်။

၆၂။ ကွန်မြူနစ်တွေဆီက ဖမ်းမိလိုက်တဲ့ ဝီစကီ၊ ဂိုးဖလိပ်စတဲ့ ပစ္စည်းတွေကို ရွာသားတွေရှေ့မှာ စာရင်းလုပ်စေပြီး သူကြီးအိမ်ကို ဗိုလ်အေးက အပို့ခိုင်းလိုက်တယ်။





၆၃။ ပစ္စည်းတွေကို ရဲဘော်လှသောင်းက စိန်းစိန်းကြည့်ပြီး ဗိုလ်အေးနဲ့လိုက်ရတာ အမြဲတမ်းငတ်တာပဲ၊ ဝီစကီကိုမော့ပြီး ဂိုးဖလိပ်ကို မှိန်းလိုက်ရရင် ဖိမ်ပဲလို့ ပြောတော့။

၆၄။ ငါတိုက်ပါ့မယ်လှသောင်းရယ်၊ လူထုတွေကို မိုက်ကြေးခွဲထားတဲ့ ဒီလိုပစ္စည်းတွေကို မစားချင် မသောက်ချင်ပါနဲ့လို့ ဗိုလ်အေးကပြောပြီး ရဲဘော်တွေကို တန်းစီခိုင်းလိုက်တယ်။

mgyoe.com

mgyoe.com





၆၅။ ငါ့တပည့်တွေ အမြင်တော်တာ ငါသိတယ်။ ဗိုက်ကားအောင်စားပြီး လက်ဖျားရွှေသီးအောင်လုပ်တဲ့နည်းကို ငါသိတယ်။ တို့လို လက်နက်ကိုင်စစ်သားတွေအဖို့ သိပ်လွယ်ပါတယ်။

၆၆။ စစ်သားဆိုရင် လူတိုင်းပဲကြောက်ကြတယ်။ ပြန်မပြောရဲဘူး။ ဒီလိုထင်ရာစိုင်းနိုင်တဲ့စစ်သားဟာ ကိုယ်နှုတ်စိတ်အမူအရာကို ပိုပြီးဆင်ခြင်ရမယ်လို့ ဗိုလ်အေးက ပြောပြတယ်။





၆၇။ စစ်သားဆိုတာ လက်ရုံးရည်သမားတွေပဲ၊ သတ်နိုင်ဖြတ်နိုင်ရင် စစ်သားဖြစ်တာပေါ့လို့ဆိုတဲ့ အယူအဆတွေဟာ မမှန်ဘူးလို့ ဗိုလ်အေးက ဆက်လက်ပြောပြပြန်တယ်။

၆၈။ စစ်သားဆိုတာ ရန်သူနဲ့တွေ့ရင် ရဲရဲဝံ့ဝံ့တိုက်ခိုက်နိုင်တဲ့ သတ္တိရှိသလောက် ပြည်သူလူထုနဲ့တွေ့တဲ့အခါ ညှာညှာတာတာနဲ့ အသက်စည်းစိမ်ကာကွယ်ပေးနိုင်ရမယ်။

mgyoe.com

mgyoe.com



၆၉။ စစ်သားဆိုတာ ရန်သူရဲ့ကျည်ဆန်ကြားမှာ တုန်လှုပ်ခြင်းမရှိသလို ကိုယ်မပိုင်တဲ့ ရတနာ၊ ရွှေ၊ ငွေ၊ မိန်းမတွေနဲ့တွေ့တဲ့အခါ ထိန်းသိမ်းနိုင်တဲ့ ကိုယ်ကျင့်တရားရှိရမယ်။



၇၀။ စစ်သားဆိုတာ လက်ရုံးရည်သာရှိပြီး နှလုံးရည်မရှိရင် သင်းထားတဲ့နွားနဲ့ ဘာမှမခြားဘူး။ လှည်းဆွဲဖို့၊ လယ်ထွန်ဖို့အပြင် အမျိုးကောင်းအောင် ဘာမှမလုပ်နိုင်ဘူး။



၇၁။ အဲဒီတော့ ဝီစကီကိုမော့ပြီး ဂိုးဖလိပ်နဲ့မှိန်းနေတဲ့ သင်းပြီးသားနွားတွေလုပ်ကြမလား၊ လူထုကြီးတစ်ရပ်လုံးက အားကိုးချစ်ခင်တဲ့ ဗမာ့တပ်မတော်သားတွေ လုပ်ကြမလားလို့ ဗိုလ်အေးကမေးတယ်။



၇၂။ လူစင်စစ်က သင်းပြီးသားနွားတော့မဖြစ်ပါရစေနဲ့ ဗိုလ်အေးရယ်။ လူထုကြီးတစ်ရပ်လုံးက အားကိုးချစ်ခင်တဲ့ ဗမာ့တပ်မတော်သားတွေပဲဖြစ်ပါရစေလို့ ရဲဘော်လှသောင်း ပြောတယ်။

mgyoe.com

mgyoe.com





၇၃။ အစိုးရစစ်တပ်ထွက်သွားပြီး မကြာခင်သူကြီးနှင့် ရွာသားအချို့က စစ်ဗိုလ်ကလေးရည်မွန်တဲ့ အကြောင်းနှင့် မိကောင်းဖခင်သားပီသတဲ့ အကြောင်းကို ပြောနေကြတယ်။

၇၄။ ရွာထဲက လူလေးငါးယောက်ကတောင် ကွန်မြူနစ်သူပုန်တွေကို ဘယ်သူက ထမင်းထုပ်ကောက်ပေးတယ်။ သေနတ်သိမ်းပေးတယ်လို့ စစ်ဗိုလ်လေးကို သွားတိုက်သေးတယ်။





၇၅။ ဒါပေမဲ့ စစ်ဗိုလ်ကလေးက အရေးမယူတဲ့အပြင် သူတို့လည်း နီးရာဓားကိုကြောက်ရတာပေါ့ဗျာလို့ တရားချပြီး လွှတ်လိုက်သတဲ့။ ဘယ်လောက်ညစ်ပတ်တဲ့ရွာသားတွေလဲ။

၇၆။ ဒါထက် ကျောင်းဆရာဘိုးဆိတ်သွားတိုင်လို့ မှီဝပွဲချစ်တီးနှင့် ဦးသာမောင်အိမ်က ရွှေတွေကို အသိမ်းခံရအောင် လက်ထောက်ချဖော့မြသန်းတော့ စစ်တပ်က ဖမ်းသွားပြီ။

mgyoe.com

mgyoe.com



၇၇။ ဟာဒီလိုဆိုရင် ကွန်မြူနစ်သူပုန်တွေ ရွာပြန်ဝင်လာတဲ့အခါ ဗိုလ်ကလေးကို သွားတိုင်တဲ့ ဆရာဘိုးဆိတ်တော့ ချောက်ကျပြီးသား ထင်တာပဲ။




၇၈။ ကွန်မြူနစ်တွေဟာ လက်နက်မဲ့ရွာသားတွေကိုသာ ဟိန်းဟောက်ပြီး အစိုးရစစ်တပ်ဆိုရင် အနားတောင် မသီရဲဘူး။ စစ်တပ်မရှိရင်တော့ ပြန်လာမှာပဲလို့ ရွာသားတွေ ပြောနေကြတယ်။



၇၉။ ရွာသားတစ်ယောက်က အဲဒါက အရေးမကြီးဘူး။ သူတို့တစ်တွေ တိုက်ကြခိုက်ကြနဲ့ တို့ရွာသားတွေကြားထဲက ဒဏ်ရာရပြီး မြေစာပင်ဖြစ်မယ့်အရေးကို စိတ်မအေးလို့ပါကွာလို့ ပြောတော့။



၈၀။ ကွန်မြူနစ်တွေက သိမ်းလိုက်၊ တပ်မတော်က ချလိုက်၊ တပ်မတော်ပြန်သွားရင် ကွန်မြူနစ်တွေက ပြန်ဝင်လာလိုက်နဲ့ တစ်ရွာလုံးမီးလောင်ပြီး တက်တက်ပြောင်တော့မှာပဲလို့ ပြောနေကြတယ်။

mgyoe.com






၈၁။ ခက်ပါတယ်ကွာ။ အစိုးရကို မကြိုက်ရင် ရွေးကောက်ပွဲမှာ ဖဆပလကို ဖြုတ်ချနိုင်ရက်သားနဲ့ ဘာလို့ သူပုန်ထနေကြတာလဲ။ အဲဒါကွန်မြူနစ်တွေလာတော့ မင်းမေးကြည့်ပါလား။

၈၂။ အမယ်လေးမလုပ်ပါနဲ့ ကျားမြီးဆွဲဆိုရင် ဆွဲပါမယ်။ ဒီကောင်တွေကို ဘာမှမမေးရဲပါဘူး ဦးကြီး ၃ ကြိမ်ချဆိုရင်ချပါရဲ့လို့ ရွာသားတစ်ယောက်က ပြန်ပြောတယ်။






၈၃။ ကွန်မြူနစ်စာတန်းတွေထဲမှာ ဖဆပလ အစိုးရဟာ လူ့အခွင့်အရေးတွေကို ဖျက်ပစ်တဲ့ ဖက်ဆစ်ဘီလူး အစိုးရလို့ ရေးထားတယ်။ သူတို့ကျတော့ မေးတောင် မမေးရဲဘူး။

၈၄။ ဒီလိုအသေးအဖွဲ့တွေကို စကားလုပ်ပြီး ပြောမနေပါနဲ့။ ကွန်မြူနစ်တွေက ရွာနားမှာရှိတဲ့ လယ်တွေကို သိမ်းပြီး တို့ကို အလကားပေးမယ်ဆိုမဟုတ်လားဟု တစ်ယောက်ကပြောပြန်၏။

mgyoe.com






၈၅။ ငါကတော့ လယ်တွေအလကားရပေမဲ့ မလိုချင်ပါဘူးကွာ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ တရားသဖြင့်တန်ဖိုးကို ပေးယူရတဲ့ပစ္စည်းကိုမှ လိုချင်တယ်လို့ ရွာသားတစ်ယောက်က ပြောတယ်။

၈၆။ ရွာသားတစ်ယောက်ကတန်ဖိုးပေးပြီး သိမ်းတဲ့လယ်တွေကို အစိုးရက စနစ်တကျဝေပေးဖို့ စီမံပြီးပြီကွဲ့။ ဒီတော့ရမှာချင်းအတူတူ အဲဒီတော့မှပဲယူတော့မယ်လို့ ပြောသတဲ့။






၈၇။ ရွာသားတွေတစ်ယောက်တစ်ခွန်းပြောဆိုနေတုန်းပဲ တပ်မတော်မရှိဘူးဆိုတာသိပြီးဖြစ်သော ကွန်မြူနစ်တို့သည် သေနတ်သံတဖြောင်းဖြောင်းနဲ့ ရွာထဲသို့ ပြန်ဝင်လာကြပြန်၏။

၈၈။ ကွန်မြူနစ်သူပုန်ဗိုလ် ဗိုလ်တောက်ထွန်း၊ အောင်ဝင်းနဲ့ တပ်နီများသည် အနှစ်မရှိသော တောကြက်ဆူပင် မင်းမူသည်ဟူသကဲ့သို့ သူကြီးအိမ်ရှေ့ကို ရောက်လာကြတယ်။
mgyoe.com

mgyoe.com



၈၉။ ခင်ဗျားရွာမှာ အစိုးရဘက်သားကောင်တွေလာ သွားတယ်မဟုတ်လား။ သူတို့ရွာသားတွေကို ညှဉ်းမသွားဘူးလားမေးတော့ သူကြီးက မညှဉ်း ဆဲကြောင်း ပြန်ပြီးပြောတဲ့အခါ ...



၉၀။ ခင်ဗျားအသုံးကျမှာမဟုတ်ဘူး အစိုးရဆီမှာ ဒါ လောက်ကျွန်ခံလာရတာတောင် ကျွန်စိတ်မကုန် သေးဘူးလားဟု ပြောကာ ဗိုလ်တောက်ထွန်းက သူကြီးကို ကြိမ်းမောင်းနှိပ်စက်ပြန်သတဲ့။



၉၁။ ဘိုးဆိတ်က စစ်တပ်ကိုသွားတိုင်လို့ ကျုပ်တို့လူ မြသန်းကို ဖမ်းသွားတာ ခင်ဗျားမသိဘူးလား။ ဒီအထဲမှာ ခင်ဗျားကြီးပါသလားလို့ ဗိုလ်တောက် ထွန်းက သူကြီးကိုမေးနေတုန်း...



၉၂။ ကျောင်းဆရာဘိုးဆိတ်၏လက်နှစ်ဖက်ကို လက် ပြန်ကြိုးအထပ်ထပ်တုပ်ပြီး တပ်နီတပ်သားတစ်ဦး က သေနတ်နှင့်ချိန်ကာ ဖမ်းဆီးလာတယ်။

mgyoe.com